ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

သတ္တမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၇)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၈၂.၀၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဆေးစစ်ရန်။ ဦးဆားရယ်၊ ကယား(၅)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထား သူ (၃၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရေဖြူမြို့နယ်၊ ပုဂေါ့ဇွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် က ရေဖြူမြို့နယ်၊ ပုဂေါ့ဇွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)၊ ရေဖြူမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်အနေဖြင့် ရေဖြူမြို့နယ်၊ ပုဂေါ့ဇွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဖြူမြို့နယ်၊ ပုဂေါ့ဇွန်းကျေးရွာအုပ်စုတွင် ပုဂေါ့ဇွန်း၊ သပြေဇွန်း၊ မင်းဒပ်နှင့် ဝက်ချောင်းကျေးရွာ (၄)ရွာရှိပြီး၊ အိမ်ခြေ(၉၀၄)အိမ်၊ အိမ်ထောင်စု (၁၀၁၀)စု၊ လူဦးရေ (၃၉၇၈)ဦး နေထိုင်လျက်ရှိကြပါတယ်။ ပုဂေါ့ဇွန်းကျေးရွာ အနီးပတ်ဝန်းကျင်ရှိ သစ်တိုထောင့်ကျေးရွာအုပ်စု၊ ပိန်းရှောင်ကျေးရွာအုပ်စု၊ ရလိုင်ကျေးရွာအုပ်စု(၃)အုပ်စုရှိပြီး အိမ်ထောင်စု (၁၅၂၄)၊ လူဦးရေ (၇၇၃၅)ဦး နေထိုင်လျက်ရှိပါတယ်။ ကျေးရွာအုပ်စု(၄)စုတွင် အိမ်ခြေ(၂၄၀၇)အိမ်နှင့်၊ လူဦးရေ (၁၀၈၈၁)ဦးရှိပါတယ်။ ပုဂေါ့ဇွန်းကျေးရွာသည် ရေဖြူမြို့နယ် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် (၄)မိုင်ဝေး ကွာပြီး ရလိုင်ကျေးရွာအုပ်စုနှင့်(၁)မိုင်၊ သစ်တိုထောင့်ကျေးရွာအုပ်စုနှင့် (၂)မိုင်၊ (၂)ဖာလုံနှင့် ပိန်းရှောင် ကျေးရွာအုပ်စုနှင့် (၄)မိုင်ခန့် ဝေးကွာပါတယ်။

အဆိုပါကျေးရွာအုပ်စုတွင် အထက်တန်းကျောင်းခွဲ(၁)ကျောင်း၊ မူလတန်းလွန်ကျောင်း(၃)ကျောင်းနှင့် မူလတန်းကျောင်း(၆)ကျောင်း ရှိပါတယ်။ ဒေသခံပြည်သူများသည် လယ်နှင့် ဥယျာဉ်ခြံစိုက်ပျိုးခြင်း လုပ်ငန်းဖြင့် အဓိက အသက်မွေးပြီး ရိုးသားသော တောင်သူလယ်သမားများ ဖြစ်ကြပါတယ်။ ပုဂေါ့ဇွန်းကျေးရွာအုပ်စု အပါအဝင် ကျေးရွာအုပ်စု(၄)စုတွင် ကျန်းမာရေး စောင့်ရှောက်ပေးမည့် ကျန်းမာရေးဝန်ထမ်းမှာ ပုဂေါ့ဇွန်းကျေးရွာတွင် သားဖွားဆရာမ(၁)ဦးနှင့် သစ်တိုထောင့်ကျေးရွာတွင် သားဖွားဆရာမ(၁)ဦး၊ (၂)ဦးသာ ရှိပါတယ်။ ကျေးရွာများမှာလည်း ကျန်းမာရေးဆေးပေးခန်းများမရှိဘဲ လူနာရှိသောနေအိမ်များသို့ လိုက်လံဆေးကုသမှုကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးရွာသူ ကျေးရွာသားများနှင့် ဆေးဝန်ထမ်းများမှာ ထိတွေ့မှုနည်း၍ ကျန်းမာရေးဗဟုသုတ အားနည်းကြပါတယ်။ သားဖွားဆရာမ(၂)ဦးထဲဖြင့် ကျေးရွာပေါင်း(၉)ရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြားမှ ကြိုးစားဆောင်ရွက်ပေးသော်လည်း လွှမ်းခြုံစွာကျန်းမာရေး စောင့်ရှောက်မှု အားနည်းလျက် ရှိပါတယ်။ ကျေးရွာသူ/ကျေးရွာသားများသည် ကျန်းမာရေး ဗဟုသုတနည်းခြင်း၊ ဆင်းရဲ

သားများဖြစ်ကြ၍ သွားရောက်ဆေးကုသရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့် ရောဂါ ဖြစ်နေလျှင်လည်း အချိန်မီကုသခံယူခြင်း မရှိဘဲ ရောဂါလွန်ပြီး မခံမရပ်နိုင်မှသာ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ကြပါတယ်။

သို့ပါ၍ အချို့သော လူနာများမှာ မသေသင့်ဘဲ သေဆုံးမှုများ ကြုံတွေ့နေကြရပါတယ်။ ပုဂေါဇွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်မည်ဆိုပါက ကျောင်းသူ/ကျောင်းသားများနှင့် ကျေးလက်ပြည်သူကို ကျန်းမာရေး ပညာပေးခြင်း၊ ဆေးခန်းရှိခြင်းကြောင့် အချိန်မီဆေးကုသမှုခံယူနိုင်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို များစွာ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ အတွက် မြေနေရာကို ပုဂေါဇွန်းကျေးရွာမှ ဦးဉာဏ်ထွန်း မိသားစုက လှူဒါန်းထားပြီးလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသည် အဆိုပါကျေးရွာအုပ်စုများအတွင်း ကျေးလက်ဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၃)နှစ်ကာလအတွင်း ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးခြင်း၊ ပညာရေးတွင် ကျောင်းအဆင့်တိုးပေးခြင်း၊ ကျောင်းအဆောက်အအုံသစ်များ ဆောက်လုပ်ပေးခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးနဲ့ ပညာရေးတွင် များစွာတိုးတက်လာပြီ ဖြစ်တဲ့အတွက် ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ အပေါ် ကျေးဇူးတင်မဆုံး ရှိနေကြပါတယ်။ သို့သော်လည်း ကျန်းမာရေးစောင့်ရှောက်မှုမှာတော့ အားနည်းလျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ပုဂေါဇွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးနိုင်ပါရန် ဒေသခံ ပြည်သူများမှ လိုလားတောင်းခံလျက်ရှိပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းတင်ပြအပ်ပါတယ်။ (၁) ပုဂေါဇွန်းကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်၌ ဖွင့်လှစ်ပေးမည်နှင့် (၃) မဖွင့်လှစ်ပေးပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ အုတ်တံတိုင်းခတ်ကာရံပိတ်ဆို့ထားသော ကိန္နရာလမ်းပိုင်းမြေအား အများပြည်သူသုံး လမ်းမြေအဖြစ် သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ အုတ်တံတိုင်းခတ်ကာရံပိတ်ဆို့ထားသော ကိန္နရာလမ်းပိုင်းမြေအား အများပြည်သူသုံးလမ်းမြေအဖြစ် သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပခုက္ကူခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ အုတ်တံတိုင်းခတ် ကာရံပိတ်ဆို့ထားသော ကိန္နရာလမ်းပိုင်းမြေအား အများပြည်သူအသုံးပြုနိုင်သည့် လမ်းမြေအဖြစ် အသုံးပြုနိုင်ရေးအတွက် ပြန်လည်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပခုက္ကူခရိုင်၊ အထွေထွေရောဂါကု ဆေးရုံကြီးမှာ အုတ်တံတိုင်းခတ်ပြီး ကာရံပိတ်ဆို့ထားတဲ့ ကိန္နရာလမ်းပိုင်းမြေဟာ ပခုက္ကူမြို့ပေါ် ရပ်ကွက်များဖြစ်တဲ့ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်တို့မှ ပြည်သူများနှင့် ပခုက္ကူမြို့ရဲ့ အဓိကလမ်းမကြီးဖြစ်သော မြို့မလမ်းသို့ ဝင်/ထွက် သွားလာကြတဲ့ လမ်းဖြစ်ပါတယ်။ အဲဒီ ကိန္နရာလမ်းပိုင်းမြေဟာ မြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ မြင်းခြံကျေးရွာ အထိရောက်ရှိသော လမ်းဖြစ်ပါတယ်။ ၎င်း ကိန္နရာလမ်းအပိုင်းအား မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၂-၈-၁၉၉၈ ခုနှစ် ရက်စွဲပါ စာဖြင့် သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားခဲ့သည့်အတွက် ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြေအကွက်အမှတ်(၃)၊ ရွှေကူရွာသစ်၊ ဦးပိုင်အမှတ် ၄ (ခ) ဧရိယာ (၀.၅၄၆)ဧက၊ အကျယ်(၅၀)ပေ၊ အလျား(၄၇၂)ပေရှိ ကိန္နရာလမ်းမြေအား ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ၃၀-၉-၁၉၉၈ ရက်စွဲပါ စာဖြင့် လမ်းမြေအဖြစ်မှ ပယ်ဖျက်ပြီး၊ ရုံးအမိန့်ထုတ်ပြန်ခဲ့ပြီး၊ ၎င်းမြေအား ပခုက္ကူဆေးရုံကြီးမှ အုတ်နံရံဖြင့် ပိတ်ဆို့တားမြစ်ခဲ့ပါတယ်။ ကိန္နရာလမ်းပိုင်းမြေကို ပြည်ထဲရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာနသို့ ပခုက္ကူ ဆေးရုံကြီး တိုးချဲ့ရေး အတွက် လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

၎င်းမြေဧရိယာဟာ ပခုက္ကူခရိုင်၊ အထွေထွေရောဂါကုဆေးရုံကြီး တိုးချဲ့ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ပိုင်မြေကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သောမြေနှင့် ဆေးရုံကြီးရဲ့ မူလမြေဧရိယာများအကြား ရှိသဖြင့် ဆက်စပ်ရယူခဲ့ခြင်း ဖြစ်ပါတယ်။ ပခုက္ကူဆေးရုံကြီးမှ လုံခြုံရေးအတွက် အုတ်တံတိုင်းခတ် ကာရံခဲ့တယ်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ၎င်းလမ်းအပိုင်းမြေအား ပြန်လည်အသုံးပြုနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် တင်ပြခဲ့ရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက် ရက်စွဲပါ စာအမှတ် ၅/၄၃-၂၀၀/ ဦး (၆)နှင့် ပခုက္ကူ အထွေထွေရောဂါကု ဆေးရုံကြီးအတွက် အခမဲ့ လွှဲပြောင်းပေးသောမြေတွင် အများပြည်သူသုံးစွဲသည့် ကိန္နရာလမ်းပိုင်းမြေပါဝင်ကြောင်း အကြောင်းပြန်ကြားခဲ့ပါတယ်။

၎င်းမြေကိစ္စနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာကော်မတီသို့ ၁၉-၅-၂၀၁၃ ရက်စွဲပါစာဖြင့် တင်ပြခဲ့ရာ တိုင်ကြားစာကော်မတီမှ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ် ၂/အမ(ကော်မတီ) -၂ နှင့် ၆/၂၀၁၃ (၈၃၅)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ကာရံပိတ်ဆို့ထားသော ကိန္နရာလမ်းပိုင်းမြေအား အများပြည်သူ အသုံးပြုနိုင်ရေးအတွက် ပြန်လည်သတ်မှတ်ဆောင်ရွက်ပေးပါရန် ကိစ္စအား ပေးပို့တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ သို့ရာတွင် ယနေ့အချိန်အထိ ဒေသခံပြည်သူများမှ မျှော်လင့်စောင့်စားလျက်ရှိသော်လည်း မည်သို့မျှ ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါ။ ယနေ့ လက်ရှိ အခြေအနေဟာ ပခုက္ကူမြို့ဟာ ဧရာဝတီမြစ်ကူးတံတား ပခုက္ကူဖွင့်လှစ်ပြီးတဲ့ နောက်မှာ မြို့မှာ ပိုမိုတိုးတက်စည်ကားလာပြီး မြို့ပြဧရိယာကျယ်ဝန်းလာခြင်း၊ လူဦးရေ ထူထပ်များပြားလာခြင်း၊ ခရီးသွားလာသူများ ပိုမိုများပြားလာပြီး မော်တော်ယာဥ်နှင့် မော်တော်

ဆိုင်ကယ်များ ပိုမိုများပြားလာခဲ့ပါတယ်။ ကိန္နရာလမ်းပိုင်းအား ဆေးရုံကြီးမှ ပိတ်ဆို့ကာရံထားသဖြင့် ဆေးရုံကြီးရဲ့ မြောက်ဘက်မှာရှိနေတဲ့ နေသူရိန်လမ်းနှင့် ကိန္နရာလမ်းတစ်လျှောက်မှ ပြည်သူများ သွားလာရေး ခက်ခဲကြရပါတယ်။ လမ်းမှာလည်း တစ်ဖက်ပိတ်ဖြစ်နေ၍ လူသွား၊ လူလာ ပြတ်လပ်ပြီး နေပါသဖြင့် လုယက်မှုများ၊ ဒုစရိုက်မှုများ မကြာခဏ ဖြစ်ပေါ်နေရပါတယ်။ ၎င်းအပြင် အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်များနှင့် မြင်းခြံကျေးရွာမှာရှိတဲ့ ပြည်သူများမှာ ဆေးရုံကြီး၊ မြို့မဈေး၊ စီးပွားရေးဘဏ်များသို့ အလွယ်တကူသွားလာရန် ခက်ခဲသည့်အပြင် မြို့နယ်မီးဘေးအန္တရာယ်အတွက်လည်း မီးသတ်ကားများ အလွယ်တကူဝင်/ထွက် သွားလာနိုင်ရန်အတွက် အမှန်တကယ် လိုအပ်နေပါသဖြင့် လမ်းမြေဧရိယာအဖြစ်မှ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ပြည်သူများက လိုလားလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ပခုက္ကူခရိုင်၊ အထွေထွေရောဂါကု ဆေးရုံကြီးမှ အုတ်တံတိုင်းခတ်ကာရံပိတ်ဆို့ထားသော ကိန္နရာလမ်းပိုင်းမြေအား အများပြည်သူသုံး လမ်းမြေအဖြစ် အသုံးပြုနိုင်ရေး သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာသန်းအောင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် တင်ပြပါမေးခွန်း(၂)ခုအား ပြန်လည်ဖြေကြားသွားပါမယ်။ ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး၊ အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးမောင်စိန် မေးခွန်းအား ရှင်းလင်းတင်ပြသွားပါ့မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ နဘုလယ်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနရဲ့ လက်အောက်တွင် ပရဒတ်၊ ဇကနီ၊ ပုဂေါ်ဇွန်း၊ သစ်တိုထောင့်ကျေးလက်ကျန်းမာရေးဌာနခွဲ(၄)ခုရှိပါတယ်။ တင်ပြပါ ကျေးလက်ကျန်းမာရေး ဌာနကို ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါ ကျေးလက်ကျန်းမာရေးဌာနတွင် လက်ရှိ သားဖွားဆရာမ(၁)ဦး၊ ကျန်းမာရေးကြီးကြပ်(၂) (၁)ဦးဖြင့် ခန့်ထားဆောင်ရွက်လျက်ရှိပြီး လက်ရှိလည်း Function ဖြစ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသော်ဇင်ဦး ၏ မေးခွန်းအား ဆက်လက်တင်ပြသွားပါ့မယ်။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးဟာ ၁၉၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ မူလဆေးရုံ အဆောက်အဦး အနေအထားမှာ မြို့မလမ်းမကြီး၏ မြောက်ဘက်၊ ထင်းတန်းလမ်း၏ အရှေ့ဘက်တွင်ရှိသော (၃.၀၂၅)ဧက အကျယ်ရှိတဲ့ ဆေးရုံပိုင်မြေနဲ့ အဆောက်အဦများ တည်ရှိပြီး ထင်းတန်း

လမ်း၏ အနောက်ဘက်တွင် (၄.၄၉၅)ဧက အကျယ်ရှိတဲ့ ဆေးရုံပိုင်မြေနဲ့ အဆောက်အဦးများ တည်ရှိပါတယ်။ ဆေးရုံကြီး၏ ဆေးကုသမှု ခံယူတဲ့ လူနာဟာ နှစ်စဥ်များပြားလာတဲ့အတွက် ဆေးရုံအဆောက်အဦး တိုးချဲ့ဆောက်လုပ်ရန် လိုအပ်လာပါတယ်။

သို့ဖြစ်ပါ၍ ၁၉၉၉ ခုနှစ်တွင် ထင်းတန်းလမ်း၏ အနောက်ဘက်တွင် မူလတည်ရှိနေတဲ့ (၄.၄၉၅)ဧက အကျယ်နှင့် ဆက်စပ်နေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပိုင်ဆိုင်သော ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ရွှေကူရွာသစ်၊ ဦးပိုင်အမှတ် ၃(က)မှ ဧရိယာ (၁.၅၈၅)ဧကနှင့် အများပြည်သူပိုင် ကိန္နရာလမ်း အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ရွှေကူရွာသစ်၊ အကွက်အမှတ် ၄(ခ)မှ ဧရိယာ (ဝ.၅၄၆)ဧက စုစုပေါင်းဧက (၂.၁၃၁)ဧကအား ကျန်းမာရေးဝန်ကြီးဌာနပိုင် မြေအဖြစ် လွှဲပြောင်းပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်း၍ မြေနှင့် အခွန်ဆင့်ဆိုချက် (၃၃၂) အရ ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးအား အခမဲ့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ထိုသို့ ခွင့်ပြုချက်ရရှိပြီးတဲ့နောက် ကိန္နရာလမ်းအကျယ်(၅၀)ပေ၊ အရှည်(၄၇၂)ပေ၊ ဧရိယာအားဖြင့် (ဝ.၅၄၆) ဧကအား ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးပိုင်မြေအဖြစ် သတ်မှတ်ခဲ့ပြီး အဆိုပါလမ်းအား အုတ်တံတိုင်းဖြင့် ကာရံပိတ်ဆို့ခဲ့ပါတယ်။ ထိုအချိန်မှစ၍ ပြည်သူတွေဟာ ကိန္နရာလမ်းမှ မြို့မလမ်းဘက်သို့ သွားလိုပါက ဆေးရုံကြီး အုတ်နံရံနဲ့ ကပ်လျက်ရှိတဲ့ နေသူရိန်လမ်းမှတစ်ဆင့် ထင်းတန်းလမ်းနှင့် မြို့မလမ်းသို့ သွားလာခဲ့ကြပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာနှစ်တွင် ပခုက္ကူမြို့ အထွေထွေဆေးရုံကြီးပိုင်အဖြစ် လွှဲပြောင်းရရှိခဲ့တဲ့ ကိန္နရာလမ်းပိုင်း၏ အနောက်ဘက်ခြမ်း၌ သူနာပြုသင်တန်းသူများ အိပ်ဆောင်(၃)ထပ်ဆောင်အား ဆောက်လုပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်တွင် ဝန်ထမ်းအိမ်ရာ(၄)ထပ်ဆောင် ဆောက်လုပ် လျက်ရှိကြောင်း တင်ပြ အပ်ပါတယ်။

သို့ဖြစ်ပါ၍ လိုအပ်ချက်အရ လွှဲပြောင်းရယူခဲ့ပြီး ကိန္နရာလမ်း ပိုင်းအား ပြန်လည်စွန့်လွှတ်ပေးရန် ယခုလက်ရှိတွင် အစီအစဥ်မရှိသေးပါကြောင်းနှင့် အဆိုပါ လမ်းပိုင်းအား အသုံးပြုနေသော ပြည်သူများအနေဖြင့် ဆေးရုံကြီးနှင့်ကပ်နေတဲ့ နေသူရိန်လမ်းမှတစ်ဆင့် သွားလာဆောင်ရွက်နိုင်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မိုးမောက်မြို့နယ်အတွင်း ဆင်းရဲနွမ်းပါးသော မြို့ပေါ်ရပ်ကွက်အချို့တွင် လျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော် အစိုးရမှ ကူညီပံ့ပိုးပေးရန် အစီအစဥ် ရှိ/မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် က မိုးမောက်မြို့နယ်အတွင်း ဆင်းရဲနွမ်းပါးသော မြို့ပေါ်ရပ်ကွက်အချို့တွင် လျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော် အစိုးရမှ ကူညီပံ့ပိုးပေးရန် အစီအစဥ် ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာတဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးများနဲ့ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းမယ့် မေးခွန်းကတော့ မိုးမောက်မြို့နယ်အတွင်းမှာရှိတဲ့ ဆင်းရဲနွမ်းပါးတဲ့ မြို့ပေါ်ရပ်ကွက် အချို့မှာ လျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မိုးမောက် မြို့နယ် အတွင်းမှာရှိတဲ့ ပြည်သူများဟာ စစ်ဘေးစစ်ဒဏ်ကို အခံစားရဆုံး မြို့တစ်ခုဖြစ်ပါတယ်။ စစ်အစိုးရလက်ထက် ငြိမ်းချမ်းရေးရရှိလာတဲ့အခါမှသာ လယ်ယာလုပ်ငန်းကုန်များ၊ အခြားစီးပွားရေး လုပ်ငန်းများကို အတန်အသင့် လုပ်ကိုင်လာနိုင်ကြပြီးတော့မှ အနည်းငယ်နာလန်ထူစ ပြုနိုင်လာ ပါတယ်။ သို့သော်လည်းပဲ အချို့သောပြည်သူများမှာ အလုပ်အကိုင်ရှားပါးမှုကြောင့် ယနေ့အထိ လူမွေးမပြောင်နိုင်ဘဲ ချွတ်ခြုံကျနေသူများ အများအပြားရှိနေကြပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရ ရဲ့ ကြိုးပမ်းမှုကြောင့် မိုးမောက်မြို့နယ်ရှိ တာပိန်ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ပြည်သူများ အောင်မြင်မှုအသီးအပွင့်ကို ရရှိခံစားနေကြရပါတယ်။

ဆက်လက်ပြီးတော့မှ မိုးမောက်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း(၈၆)ရွာကို လျှပ်စစ်မီး ရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မိုးမောက်မြို့နယ်မှာ လွယ်ဂျယ် မပါဘူးဆိုလို့ရှိရင် ရွာပေါင်း(၁၈၁)ရွာ ရှိပါတယ်။ ကချင်ပြည်နယ် တစ်ခုလုံးအနေအရ ပြောမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ မိုးမောက်မြို့နယ်ဟာ လျှပ်စစ်မီးနဲ့ ပတ်သက်လို့ရှိရင် အရဆုံးမြို့လို့ ဆိုရ ပါမယ်။ ပြည်သူများကလည်းပဲ နိုင်ငံတော်အစိုးရကို အားရဝမ်းမြောက်ဝမ်းသာစွာနဲ့ ကျေးဇူးတင် လျက်ရှိပါတယ်။ သို့ပါသော်လည်း လျှပ်စစ်မီးနဲ့ပတ်သက်ပြီးတော့မှ လျှပ်စစ်မီး ရရှိတပ်ဆင်နိုင်ရေး အတွက် ထရန်စဖော်မာ (0.4) လိုင်း ဓာတ်အားလိုင်းကြိုးများ ဓာတ်မီးတိုင်များကို ကိုယ်ထူကိုယ်ထ စနစ်ဖြင့်သာ ဆောင်ရွက်နေခဲ့ကြ ရပါတယ်။ ဒါဟာ ကျွန်တော်တို့ မိုးမောက်မြို့ တစ်ခုတည်း မဟုတ်ဘူး ဆိုတာတော့ နားလည်ပါတယ်။

အချို့ရပ်ကွက်နေပြည်သူများအနေဖြင့် စုပေါင်းကြိုးစား ထည့်ဝင်ပြီးတော့မှ တပ်ဆင် နိုင်ကြသော်လည်းပဲ လမ်းမကြီးနဲ့ ကိုက် (၃၀၀)၊ (၄၀၀)လောက်ကွာဝေးတဲ့ ဆင်းရဲသားပြည်သူများ အနေဖြင့် လမ်းမကြီးမှ (0.4) လိုင်း သွယ်တန်းရယူနိုင်ရန်အတွက် ကုန်ကျငွေ သိန်း(၁၀၀)မှ (၁၅၀)ဆိုတဲ့ ငွေပမာဏဟာ တစ်နေ့လုပ် တစ်နေ့စား ပြည်သူဆင်းရဲသားများအနေဖြင့် ဘယ်လိုနည်း နဲ့မျှ မတတ်နိုင်ကြပါဘူး။ တစ်ရပ်ကွက်မှာ၊ အုပ်စုတစ်စုမှာ အိမ်ခြေ(၃၀)မှ (၄၀)ကြားရှိပါတယ်။ နိုင်ငံတော်အစိုးရမှ လမ်းပိုင်း မိန်းကြိုးများကို (0.4) လိုင်း၊ (11)လိုင်းများကို သွယ်တန်းပေးပါက လမ်းမှ မိမိအိမ်ထဲအထိ သွယ်တန်းမည့် ကုန်ကျစရိတ်မှာ (၃)သိန်းနှင့် (၄)သိန်းကြား ကုန်ကျပါတယ်။

ငွေကိုတော့ဖြင့် ခြစ်ချုပ်ပြီး၊ အိမ်မွေး ကြက်၊ ဝက်များကို ဖမ်းရောင်းပြီး စုစပ်ပါက တတ်နိုင်ကြပါလိမ့်မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်မှ ချပေးသောဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်းတစ်ထောင် ရရှိစဥ်အခါက ပြည်သူများရဲ့ဆန္ဒကို တောင်းခံတဲ့အခါမှာ လျှပ်စစ်မီးသာရချင်ကြောင်း တင်ပြလာတဲ့အခါမှာ တင်ပြတဲ့အတိုင်း ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီသို့ ဆက်လက်တင်ပြတောင်းဆိုခဲ့ရာ မီးလင်းရေးကို ခွင့်မပြုကြောင်း ပြောဆိုခဲ့ပါတယ်။ ၎င်းပြည်သူများမှာ မျှော်လင့်ချက်အိပ်မက်များ ပျက်ပြယ်ခဲ့ရပါတယ်။ လျှပ်စစ်မီးရရှိပါက ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝ မြင့်မားလာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့အချိန်အခါမှာ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မှ နယ်စပ်ရေးရာဝန်ကြီးဌာန NGO, INGO, UN (Habitat) ဆိုတဲ့ အဖွဲ့အစည်းများကလည်း ကျေးလက်ဒေသများကိုသာ (Target)ထားပြီးတော့မှ ကျေးလက်မီးလင်းရေး၊ ရေရရှိရေး၊ လမ်းများကို လုပ်ဆောင်ပေးနေတာတွေ့ရှိရပါတယ်။ မြို့ပေါ်နေ ဆင်းရဲသားပြည်သူများဟာ သူများရတာကိုပဲ မျှော်ငေးနေကြရပါတယ်။ မုန့်ဝေတဲ့အခါတော့မရဘူး။ တုတ်ဝေတဲ့အခါကျမှသာ ရရှိခံစားကြရပါတယ်။ သို့ပါ၍ ဆင်းရဲနွမ်းပါးသော မြို့ပေါ်ရပ်ကွက်အချို့ဖြစ်သော ကြေးနန်းရပ်ကွက်၊ အလင်းတောင်ရပ်ကွက်၊ ခါနန်ရပ်ကွက်နဲ့ အောင်မြေကျေးရွာခေါ်တဲ့ ကင်ပွန်းကြီးကျေးရွာများကို လျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ကူညီပံ့ပိုးပေးနိုင်ရန်နှင့် ပံ့ပိုးပေးနိုင်မည့် အစီအစဥ် ရှိ/မရှိ။ ပြုလုပ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ကို ၎င်းပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ်ကြောင့် ဘေးအန္တရာယ် ကြုံတွေ့ရမှုများတွင် နစ်နာသူများ၊ နစ်နာမှုများကို ထိုက်တန်စွာကုစားပေးရန်နှင့် လျှပ်စစ်ဆိုင်ရာ ဘေးအန္တရာယ်လုံခြုံမှုအတွက် ထိရောက်စွာ ကာကွယ်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုးက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ်ကြောင့် ဘေးအန္တရာယ် ကြုံတွေ့ရမှုများတွင် နစ်နာသူများ၊ နစ်နာမှုများကို ထိုက်တန်စွာကုစားပေးရန်နှင့် လျှပ်စစ်ဆိုင်ရာ ဘေးအန္တရာယ်လုံခြုံမှုအတွက် ထိရောက်စွာ ကာကွယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံးနဲ့ ယနေ့အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးတို့ကို လေးစားစွာ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဒီကနေ့ မေးမြန်းမယ့် မေးခွန်းကတော့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးတဲ့ စနစ်ကြောင့်မိုလို့ ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရတဲ့အခါမှာ နစ်နာသူတွေ၊ နစ်နာမှုတွေကို ထိုက်တန်စွာကုစားပေးရန် အစီအစဉ်ရှိ/မရှိနဲ့ နောက်တစ်ခုကတော့ လျှပ်စစ်ဆိုင်ရာ ဘေးအန္တရာယ်လုံခြုံမှုအတွက် ထိရောက်စွာ ကာကွယ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ Budget Year ဘဏ္ဍာရေးနှစ်က စပြီးတော့ လျှပ်စစ်မီတာခတွေ တိုးမြှင့်ကောက်ခံခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးတဲ့အပိုင်းမှာတော့ ပြည်သူတွေမှာ လျှပ်စစ်(Voltage) ဗို့အားမပြည့်မီတာ၊ တည်ငြိမ်မှုမရှိတာ၊ နောက်အဆိုးရွားဆုံးကတော့ ဒီလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ် ဘေးကင်းလုံခြုံမှု မရှိတာပါခင်ဗျား။ အနီးဆုံး ဥပမာလေးတွေ တင်ပြရမယ်ဆိုရင်တော့ မကြာသေးတဲ့ ရက်သတ္တပတ်အတွင်းမှာပဲ လျှပ်စစ်ဓာတ်အားစီးဝင်နေတဲ့ ဓာတ်တိုင်ကနေပြီးတော့ ရေအိုင်ကိုနင်းမိတဲ့အတွက်ကြောင့်မိုလို့ (၁၁)နှစ်အရွယ် သမီးငယ်လေးတစ်ဦးရယ်၊ အမျိုးသမီးတစ်ဦးရယ် တိမ်းပါးခဲ့ရပါတယ်။ သိပ်မကြာသေးခင်အချိန်မှာပဲ လှိုင်သာယာမှာရှိတဲ့ဈေးမှာ ဈေးဝယ်နေတဲ့ အမျိုးသမီး(၃)ဦး ဓာတ်ကြိုး ပြတ်ကျလို့ အသက်ဆုံးရှုံးခဲ့ရပါတယ်။ သိပ်မကြာသေးတဲ့အချိန်မှာပါပဲ၊ လှည်းတန်းမှာလည်း၊ ရန်ကုန် လှည်းတန်းမှာလည်း ဒီလိုပါပဲ။ ဓာတ်ကြိုးပျက်ကျတဲ့အတွက်ကြောင့်မိုလို့ အမျိုးသမီး(၂)ဦး အသက် ဆုံးရှုံးခဲ့ရပါတယ်။

ဒါတွေဟာ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ ဒီလျှပ်စစ်လိုင်းကြိုးတွေ ဟောင်းနွမ်းပျက်စီးနေတာတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ ဒီသွယ်တန်းတတ်ဆင်ထားတဲ့ နေရာမှာလည်း စိတ်ချလုံခြုံမှုမရှိဘူးဆိုတာကို ဖော်ညွှန်းနေတာပါ။ ဒီနေရာမှာ အလျဉ်းသင့်လို့ ဥက္ကဋ္ဌကြီး ကနေတစ်ဆင့်တင်ပြလိုတာကတော့ မကြာမီရက်ပိုင်းများမှာပဲ မီဒီယာပေါ်မှာတွေ့ခဲ့ရတဲ့၊ Print Media ပေါ်မှာတွေ့ခဲ့ရတဲ့ Comment လေးတစ်ခုကို တင်ပြလိုပါတယ်။ လျှပ်စစ်ဌာနက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ပြောကြားတဲ့စကားဟာ တော်တော်ကို စိတ်မကောင်း ဖြစ်ဖို့ကောင်းပါတယ်။ လမ်းကူးရင်တဲ့ယာဉ်အန္တရာယ်ကိုကြည့်ကူးရသလိုပဲ လျှပ်စစ်ဓာတ်ကြိုးအောက်သွားရင်လည်း ကိုယ်က ပြည်သူကနေကြည့်ရှောင်ရမယ်တဲ့။ ကြည့်ပြီးတဲ့အခါကျတော့မှပေါ့နော်။ ကိုယ်ဖြစ်ကိုယ်ခံဆိုတဲ့ သဘောမျိုးလေးပြောဆိုသွားတာကိုလည်း တွေ့ရပါတယ်။ ဒါတွေဟာ ဒါကို အပြစ်တင်တဲ့ သဘောနဲ့ တင်ပြနေတာမဟုတ်ပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ အခု ခေတ်သစ်၊ စနစ်သစ်နဲ့ ပြည်ထောင်စုလွှတ်တော်တွေ ပေါ်လာပြီ။ ပြည်ထောင်စုအစိုးရတွေ ဒီပေါ်ပေါက်လာတဲ့အချိန်မှာ ပြည်သူတွေကို ဝန်ဆောင်မှုပေးတဲ့ ဌာနတွေဖြစ်ရပါမယ်ခင်ဗျား။ ဝန်ကြီးဌာနတွေဆိုတာ Service Sector မှာ ဒါတာဝန်ယူပြီး ဆောင်ရွက်ရရင်ပြည်သူတွေကို အလုပ်အကျွေးပြုတဲ့ ပြည်သူ့ဝန်ထမ်းတွေ ဖြစ်ရပါ့မယ်။ လျှပ်စစ်ဓာတ်အားခကိုတိုးမြှင့်ကောက်ခံသလိုပဲ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအတွက် ဝန်ဆောင်မှုတွေကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးဖို့ လိုပါလိမ့်မယ်။ လျှပ်စစ်အန္တရာယ် တစ်ခုခု ကျရောက်လာပြီဆိုရင် ပေါ့ဆစွာအသုံးပြုတယ်ဆိုပြီးတော့ ပြည်သူတွေမှာ အရေးယူခံရပါတယ်။ လျှပ်စစ်ဝန်ကြီးဌာန ဘက်က တော့တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းမှာ ယနေ့ထက်တိုင် အားနည်းနေသေးတယ် ဆိုတာကို ပွင့်လင်းစွာ

တင်ပြလိုပါတယ်။ လျှပ်စစ်ဝန်ကြီးဌာနက ဝန်ဆောင်မှုပေးတဲ့ Service Sector ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းကို အပြည့်အဝဆောင်ရွက်ပေးဖို့ လိုပါတယ်လို့ တင်ပြလိုပါတယ်။

လွှတ်တော်တွေကို တင်သွင်းခဲ့တဲ့ လျှပ်စစ်ဥပဒေမှာလည်း ဒီဝန်ဆောင်မှု ပေးသူတွေဘက်က ပေါ့လျော့ကျူးလွန်မှုမရှိစေရန် ဟန့်တားတဲ့ တားမြစ်ချက်တွေ၊ ပြစ်ဒဏ်တွေ မပါဝင်ခဲ့ပါဘူး။ ကျွန်တော်တို့ လွှတ်တော်တွေကပဲ ဒါတွေကို ပြင်ဆင်ပြီးတော့ ပေးခဲ့ရပါတယ်။ ဒါပေမဲ့ လုံလောက်မှုရှိပြီလားဆိုရင်တော့ လုံလောက်မှုမရှိသေးပါဘူး။ နောက်တစ်ခု တင်ပြလိုတာကတော့ မြန်မာနိုင်ငံမှာ လက်ရှိအသုံးပြုနေတဲ့ ဓာတ်အားဖြန့်ဖြူးရေးစနစ်ဟာ မြေအောက် Cable နဲ့ သွားတာမဟုတ်ပါဘူးခင်ဗျား။ ကောင်းကင်ဓာတ်ကြိုးတွေနဲ့ သွားတာပါ။ အဲဒီမှာလည်း Insulating Coating လို့ခေါ်တဲ့ အပေါ်ကနေပြီးတော့ Cover အုပ်ထားတဲ့ စနစ်မျိုး မဟုတ်ဘဲနဲ့ ကြေးနန်းကြိုးပေါ်မှာပဲ လျှပ်စစ်စီးဝင်နေတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်တွေ့အဖြစ်အပျက်ပဲ တင်ပြပါ့မယ်။ ကျွန်တော်ဟာ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်မှာ နေထိုင်ပါတယ်။ (၂၂၀) ဓာတ်အားကြိုးရဲ့အပေါ်မှာ (၄၄၀)ဓာတ်အားကြိုးကြီး ဖြတ်သန်းပြီးတော့ တည်ရှိနေပါတယ်။ အဲဒီဓာတ်အားကြိုးကြီးဟာ လေတိုက်တာလည်းမဟုတ်ဘူး။ တခြားဘာဘေးအန္တရာယ် သစ်ကိုင်းကျိုးကျတာလည်းမဟုတ်ဘဲနဲ့ (440)လိုင်းကြီးဟာ ပြတ်ပျက်ကျပါတယ်။ (220) လိုင်းပေါ်ကို။ အဲဒီအခါမှာ ကျွန်တော်တို့ တစ်ရပ်ကွက်လုံး တီဗွီဖွင့်ထားတဲ့သူ၊ ရေခဲသေတ္တာ အကုန်လုံးပေါ့နော်။ အနည်းနဲ့အများ ရေမော်တာ ထိခိုက်မှုတွေ အကုန်ဖြစ်ပါတယ်။ ဘာမှကုစားမှုမရပါဘူး။ ဒီလိုမီးပြန်လာအောင် ဆောင်ရွက်ပေးတာကိုပဲ ပြည်သူတွေက တော်တော်ကျေးဇူးတင်နေရတဲ့ အနေအထားဖြစ်ပါတယ်။ ဒီ(၂၂၀)ကြိုးနဲ့ (၄၄၀)ကြိုးကို ပြန်ဆက်ဖို့ အချိန်ကာလတစ်ခုကို စောင့်ရတာကိုက တော်တော်ပြန်ကျေးဇူးတင်ရမယ့် သဘောဖြစ်ပါတယ်။ ဒီထက်တင်ပြလိုတာကတော့ လျှပ်စစ်ဆိုင်ရာဝန်ထမ်းတွေအတွက်ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တို့ စီးပွားရေးမြို့တော် ရန်ကုန်မြို့မှာ အခုထက်ထိ သစ်သားလှေကားကြီးတွေ သုံးနေရတုန်းပါ။ သစ်သားရှောလှေကားကြီးတွေနဲ့ သုံးပြီးတဲ့အခါမှာ လျှပ်စစ်ဝန်ထမ်းတွေဟာ ဆိုက်ကားပေါ်မှာ တင်လာရပါတယ်။ ဒါကြီးတွေကို။ ပြီးတဲ့အခါကျရင် ပလာယာလေးတစ်ချောင်း ခါးကြားမှာချိတ်ပြီးတော့ ဒီဓာတ်တိုင်ပေါ် တက်နေရတာတွေဟာ ဒါကျွန်တော်တို့ နေ့စဉ်မြင်တွေ့နေရတဲ့ မြင်ကွင်းတွေပါ။ အဲဒီတော့ ဒီပုဂ္ဂိုလ်တွေ၊ ဒီပြည်သူ့အကျိုးကို ဆောင်ရွက်ပေးနေတဲ့ ပြည်သူ့ဝန်ထမ်းတွေ အတွက်လည်း လုံလောက်တဲ့ Safety Suit အကာအကွယ်ဝတ်စုံ အစီအမံတွေ ထားရှိဆောင်ရွက်ပေးဖို့ လိုပြီလို့ တင်ပြလိုပါတယ်။ အထူးအားဖြင့်ကတော့ ခုနကလို မိမိရဲ့ပေါ့ဆမှုကြောင့် မဟုတ်ဘဲနဲ့ ဒီလိုမျိုး အပြစ်မဲ့ပြည်သူတွေ ကြုံတွေ့ခဲ့ရတဲ့ နစ်နာမှုတွေ ဒီလို ဓာတ်ကြိုးပြတ်တောက်ပြီးတော့၊ ကျပြီးတော့ အသက်ဆုံးရှုံးတာမျိုး၊ ဓာတ်ကြိုး ပြတ်တောက်ကျသွားလို့ ကိုယ့်ရဲ့လျှပ်စစ်ပစ္စည်းတွေ ထိခိုက်ဆုံးရှုံးတာမျိုးကို ထိုက်တန်စွာ ပြန်လည်ကုစားပေးဖို့ အစီအစဉ် ရှိ/မရှိဆိုတာကို သိချင်တဲ့ အတွက်ကြောင့်မို့လို့၊ သိလိုတဲ့အတွက်ကြောင့်မို့လို့ မေးခွန်း(၅)ခု မေးမြန်းလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

မေးခွန်းများကိုတင်ပြပါ့မယ်။ မေးခွန်း(၁)အနေနဲ့ကတော့ ဗိုအားမပြည့်မီမှု၊ ဗိုအားမတည်ငြိမ်မှုကြောင့် မီးအားမြှင့်စက်များအပါအဝင် အထောက်အကူပြုပစ္စည်းများ တပ်ဆင်အသုံးပြုရသည့်အတွက် ဖြစ်ပေါ်ရသည့် မတော်တဆဖြစ်စဉ်များကို တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မေးခွန်း(၂) ကတော့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ်ရဲ့ ချို့ယွင်းမှု ဥပမာ- ဓာတ်ကြိုးပြတ်တောက်ကျခြင်းတို့ကြောင့် လျှပ်စစ်ပစ္စည်း၊ သတ္တဝါနှင့် လူပုဂ္ဂိုလ်တို့၏ ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် လုံလောက်ထိုက်တန်သော နစ်နာကြေး များပေးအပ်ရန် အစီအစဉ်ရှိ/မရှိ၊ တတိယမေးခွန်း အနေနဲ့ကတော့ လျှပ်စစ်ဝန်ထမ်းများအတွက် လုံလောက်သော ဘေးအန္တရာယ်ကာကွယ်ရေး ဝတ်စုံများ၊ ကိရိယာ တန်ဆာပလာများ၊ လုံခြုံရေး အစီအမံများ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ။ စတုတ္ထမေးခွန်း ကတော့ ဝန်ဆောင်မှုပေးတဲ့ ဝန်ကြီးဌာနနဲ့ ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများရဲ့ ပေါ့လျော့ဆောင်ရွက်ခြင်း၊ အရည်အသွေးမပြည့်မီခြင်းတို့အတွက် ပြဋ္ဌာန်းမယ့် လျှပ်စစ်ဥပဒေမှာ လုံလောက်တဲ့ တားမြစ်ချက်များ၊ ပြစ်ဒဏ်များ ထည့်သွင်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ နောက်ဆုံးမေးခွန်းကတော့ ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးရတဲ့ ဌာနတစ်ခု အနေနဲ့ အထက်ပါ အစီအမံတွေကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိဘူးဆိုရင် ပြည်သူများရဲ့ ဘေးအန္တရာယ် လုံခြုံမှုအတွက်ကို အလေးထားရာ ရောက်/မရောက်ဆိုတဲ့ မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေ လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင် က ချင်းပြည်နယ်၊ ရေဇွာမြို့အတွက် အလတ်စား သို့မဟုတ် အသေးစားရေအားလျှပ်စစ် ထုတ်လုပ်ခြင်းကို ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင် က ချင်းပြည်နယ်၊ ရေဇွာမြို့အတွက် အလတ်စား သို့မဟုတ် အသေးစားရေအားလျှပ်စစ် ထုတ်လုပ်ခြင်းကို ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးပေါ်လျံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျံလွင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရေဇွာမြို့အတွက် အသေးစားရေအား လျှပ်စစ်တည်ဆောက် ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဇွာမြို့ဟာ လျှပ်စစ်မီးအားနည်းချက်ကြောင့် ကျောင်းသူ/ကျောင်းသားများ အလွန်အခက်အခဲရှိပါတယ်။ အထူးသဖြင့် (၁၀)တန်း စာမေးပွဲဖြေမည့်သူများအတွက်ဟာ ည(၆)နာရီမှ (၉)နာရီအထိသာ မီးပေးနိုင်တဲ့ ဒီဇယ်စက်ဖြင့် မောင်းတဲ့ မီးပေးနိုင်တဲ့ အခြေအနေ မှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသူ/ကျောင်းသားများနဲ့ မြို့သူ/မြို့သားများအတွက် ငဲ့ညှာသောအားဖြင့် အနီးအနားမှာရှိတဲ့ မြစ်ချောင်း(၂)ချောင်းရှိပါတယ်။ အဲဒီမြစ်ချောင်းပေါ် အခြေခံပြီး အသေးစား ရေအား

လျှပ်စစ်ထုတ်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းလိုပါတယ်။ ချင်းပြည်နယ်၊ ရေဇွာမြို့ အတွက် အသေးစားရေအားလျှပ်စစ် ကီလိုဝပ် (၁၅၀)ခန့် ထုတ်လုပ်နိုင်သော ဝံဖူးချောင်း၊ အမြင့်ပေ မလိုသော တာဗိုင်စနစ်ဖြင့်လည်းကောင်း၊ အမြင့်ပေလိုသော ကီလိုဝပ်(၄၀)ခန့် ထုတ်ပေးနိုင်သော ဖွာလချောင်း ကိုလည်းကောင်း အသုံးပြု၍ အသေးစား သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်ထုတ် နိုင်သော ရေအခြေအနေ၊ သဘာဝအခြေအနေ ဖြစ်ပါသည်။

သို့ပါ၍ အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါသည်။ ရေဇွာမြို့အတွက် အလတ်စား သို့မဟုတ် အသေးစားရေအားလျှပ်စစ် ထုတ်လုပ်ခြင်းကို ၂၀၁၄-၂၀၁၅ ၌ ဖြည့်စွက်ရန်ပုံငွေဖြင့် တည်ဆောက်ပေး နိုင်ရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ် စွမ်းအား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်း အား ရှင်းလင်းတင်ပြ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် အတွင်းမှာရှိတဲ့ ကြေးနန်းရပ်ကွက်၊ ခါနန်ရပ်ကွက်၊ အလင်းကောင်ရပ်ကွက်နဲ့ အောင်မြေကျေးရွာ ရပ်ကွက်များမှာ လျှပ်စစ်ဓာတ်အား အပြည့်အဝကောင်းမွန်စွာ အသုံးပြုနိုင်ဖို့နဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းများအား စီစဉ် ထားမှုများကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ကြေးနန်းရပ်ကွက်မှာ လက်ရှိဓာတ်အား ဖြန့်ဖြူးပေးနေတဲ့ (၅၀) KVA ထရန်စဖော်မာဟာ အင်အားကြီးဖို့လိုတဲ့အတွက် ဝန်ကြီးဌာန ရန်ပုံငွေနဲ့ (၁၀၀) KVA ထရန်စဖော်မာဖြင့် လဲလှယ်တပ်ဆင် ပေးခြင်းလုပ်ငန်းကို စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလို ကြေးနန်း ရပ်ကွက်မှာ (၁၀၀)တပ်လိုက်တဲ့အတွက် ထွက်လာတဲ့ (၅၀) KVA ထရန်စဖော်မာကို ကြေးနန်း ရပ်ကွက် မှာရှိတဲ့ ချမ်းမြေ့ရောင်ခြည်ကျောင်းအနီးမှာ ထပ်မံတပ်ဆင်ဖို့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြည့်စွက် ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံ၍ ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ခါနန်ရပ်ကွက်အတွက် ဝန်ကြီးဌာန ရန်ပုံငွေနဲ့ (၁၀၀) KVA ထရန်စဖော်မာ (၁)လုံး တိုးချဲ့တပ်ဆင်ဖို့ ခွင့်ပြုပေးထားပြီးတော့မှ (၁၁) KV လိုင်း(၁၉၅၀)ပေနဲ့ (၄၀၀)ဗို့ လိုင်း (၁)မိုင်ခွဲခန့် ထပ်မံတည်ဆောက်ဖို့အတွက် ယခုနှစ် ပြည်နယ်အစိုးရရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံရေးကို ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။ အောင်မြေကျေးရွာမှာ လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် (၅၀) KVA

ထရန်စဖော်မာ(၁)လုံး တပ်ဆင်ဖို့ (၁၁) KVA လိုင်း ပေ(၁၂၇၀)ခန့် တည်ဆောက်ဖို့နဲ့ (၄၀၀)ဗို့ လိုင်း (၁)မိုင်ခန့် တည်ဆောက်ဖို့အတွက်ကို ပြည်နယ်အစိုးရရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံရေး လည်း ညှိနှိုင်းဆောင်ရွက်ထား ပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

အလင်းကောင်ရပ်ကွက်အတွက် လက်ရှိ (၂၅၀) KVA ထရန်စဖော်မာဖြင့် ဓာတ်အားဖြန့်ဖြူး ပေးထားပါတယ်။ ဗို့အား ပြည့်ဝစွာ ရရှိနိုင်ဖို့အတွက် (၁၁) KV လိုင်း(၃၄၀၀)ပေ တည်ဆောက်ပြီး (၂၀၀) KVA ထရန်စဖော်မာ(၁)လုံး ထပ်မံတပ်ဆင်ခြင်း၊ (၄၀၀)ဗို့ ဓာတ်အားလိုင်း (၁)မိုင်ခွဲ ထပ်မံ တည်ဆောက်ခြင်းများကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၄-၂၀၁၅ ယခုဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှု ရှိစေရန်နှင့် သစ်သားတိုင်များကို ကွန်ကရစ်တိုင်ဖြင့် အစားထိုး လဲလှယ်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ လာမည့်နှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းတောင်းခံနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုး ၏ မေးခွန်းများကို ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးတဲ့အခါမှာ ဗို့အားပြည့်မီတဲ့ လျှပ်စစ်ဓာတ်အားကို လုံခြုံဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် (၂၄)နာရီ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးဖို့အတွက် (၁)မဂ္ဂါဝပ် ဒါမှမဟုတ် (၁၀၀၀)ကီလိုဝပ် ပမာဏရှိတဲ့ ဓာတ်အားကို တိုးချဲ့ဖြန့်ဖြူးမည်ဆိုပါက အမေရိကန်ဒေါ်လာ (၁)သန်း သို့မဟုတ် မြန်မာကျပ်ငွေ သန်း(၁၀၀၀)နီးပါးခန့် ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ၂၀၁၄-၂၀၁၅ ယနေ့ ဘဏ္ဍာရေးနှစ်အထိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ တိုးတက်သုံးစွဲလာတဲ့ ဓာတ်အားပမာဏ ၎င်းဓာတ်အားပမာဏအပေါ်မှာ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးဖို့အတွက် ရရှိတဲ့ ရန်ပုံငွေပမာဏ အခြေအနေကို အကျဉ်းချုပ် တင်ပြပါမယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ဓာတ်အား သုံးစွဲမှုကတော့ (၁၅၉၁)မဂ္ဂါဝပ် သုံးစွဲပြီးတော့မှ ယခင်နှစ်ကထက် မဂ္ဂါဝပ် (၁၆၀)ခန့် တိုးတက်သုံးစွဲ ပါတယ်။ အဲဒီလို သုံးစွဲတဲ့အတွက် ခွင့်ပြုရန်ပုံငွေကတော့ (၄၀.၉၁၈)ဘီလီယံပဲ ရရှိပါတယ်။ ဒါကြောင့် (၁)မဂ္ဂါဝပ်အပေါ် တိုးချဲ့ဖို့ ဓာတ်အားဖြန့်ဖြူးမှုစနစ်မှာ သုံးစွဲနိုင်တာကတော့ ကျပ်သန်း (၂၅၅)သန်းသာ လျှင် သုံးစွဲနိုင်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဓာတ်အား လိုအပ်ချက်က သုံးစွဲမှုက (၁၈၀၆) မဂ္ဂါဝပ် သုံးစွဲပြီးတော့မှ ယခင်နှစ်အထက် ၂၀၁၁ အထက် (၂၁၅)မဂ္ဂါဝပ် တိုးချဲ့သုံးစွဲပါတယ်။ တိုးတက်သုံးစွဲပြီးမှ ခွင့်ပြုရန်ပုံငွေက (၄၇.၂၈၅) ကျပ်သန်း ဘီလီယံ ရရှိပါတယ်။ ဒါကြောင့်မို့လို့ အဲဒီနှစ်မှာလည်း (၁)မဂ္ဂါဝပ် ဓာတ်အားတိုးချဲ့သုံးစွဲမှုအပေါ်မှာ ဓာတ်အားလိုင်းတည်ဆောက်ဖို့ ဓာတ်အားစနစ် ဖြန့်ဖြူးမှုကို တိုးချဲ့လုပ်ငန်းဆောင်ရွက်ဖို့ကတော့ (၂၁၉)သန်းသာလျှင် သုံးစွဲနိုင်ခဲ့ပါတယ်။

အလားတူ ၂၀၁၃-၂၀၁၄ မှာ ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ မဂ္ဂါဝပ် အထိ တိုးတက် သုံးစွဲပြီးတော့မှ ယခင်နှစ် ၂၀၁၂ နှစ် အထက် (၁၉၄)မဂ္ဂါဝပ် တိုးတက်သုံးစွဲပါတယ်။ အဲဒီနှစ်မှာ ဓာတ်အား ဖြန့်ဖြူးမှုစနစ်ကို တိုးချဲ့ဖို့အတွက် ခွင့်ပြုရန်ပုံငွေကတော့ (၈၆)ဘီလီယံသာ ရရှိခဲ့ပြီးတော့ (၁) မဂ္ဂါဝပ် တိုးတက်သုံးစွဲနိုင်ရန်အတွက် ဓာတ်အားလိုင်းများ တိုးချဲ့ဖို့ ဆောင်ရွက်နိုင်ခဲ့တာကတော့ (၄၄၁) ကျပ်သန်းသာ သုံးစွဲနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ယခု ဘဏ္ဍာနှစ်မှာ ဓာတ်အား အမြင့်ဆုံး သုံးစွဲမှာကို

(၂၃၀၀)မဂ္ဂါဝပ်ခန့် ခန့်မှန်းပါတယ်။ တိုးတက်သုံးစွဲမှုကတော့ (၃၀၂) မဂ္ဂါဝပ်လောက် ယခင်နှစ်ကထက် တိုးတက်သုံးစွဲမှာ ဖြစ်ပါတယ်။ ခွင့်ပြုရန်ပုံငွေ ရရှိတာကတော့ ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွက် (၈၇.၇)ဘီလီယံခန့်သာ ရရှိပြီးတော့မှ (၁)မဂ္ဂါဝပ်အတွက် လုပ်ငန်းဆောင်ရွက်ဖို့ (၂၉၀)ကျပ်သန်းသာ ဆောင်ရွက်သုံးစွဲခွင့် ရရှိနိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ခွင့်ပြုရရှိခဲ့တဲ့ ပမာဏဟာ ဓာတ်အားလိုင်း ဓာတ်အားခွဲရုံ အဟောင်းတွေ အစားထိုး လဲလှယ်တပ်ဆင်ဖို့အတွက် မလုံလောက်တဲ့အပြင် ထပ်မံတိုးချဲ့ တပ်ဆင်မှုများကိုလည်း လိုအပ်သလောက် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်။ ဒ့ါအပြင် လက်ရှိအခြေနေမှာ ကျွန်တော်တို့အနေနဲ့ လျှပ်တားအခွံ မပါတဲ့ (Bare Copper Conductor) များကို တပ်ဆင်သုံးစွဲ ထားပါတယ်။ အန္တရာယ်ကင်းရှင်းဖို့အတွက် လျှပ်တားအခွံ(Insulation Coated Wire) များကို အစားထိုးမည်ဆိုပါက ကုန်ကျစရိတ်အနေနဲ့ သုံးစွဲတဲ့ ဓာတ်အားလိုင်းရဲ့ ဗို့အားပေါ် မူတည်ပြီးတော့မှ (၃)ဆခန့် အနည်းဆုံး ပိုမိုကုန်ကျမည် ဖြစ်ပြီးတော့မှ ပို၍ စိတ်ချရတဲ့ မြေအောက် ဓာတ်ကြိုးစနစ်ကို သုံးမည်ဆိုပါက (၁၀)ဆခန့် ပိုမိုကုန်ကျမည် ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ရန် အတွက် လုံလောက်တဲ့ ရန်ပုံငွေလည်း လိုအပ်လာမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး ပြည်နယ်များမှာ ဝန်ကြီးဌာနပိုင် (၆၆)KV ဓာတ်အားလိုင်းပေါင်း (၂၄၆၆.၄)မိုင် (၃၃)KV ဓာတ်အား လိုင်းပေါင်း (၄၉၀၃.၉၂)မိုင်နှင့် (၁၁) ကေဗွီနှင့် (၆.၆) KV ဓာတ်အားလိုင်း (၁၀၆၂၅.၇၈)မိုင် (၄၀၀)ဗို့ ဓာတ်အား လိုင်းပေါင်း (၁၃၃၀၃.၁၂)မိုင် တည်ဆောက်ပြီး ဓာတ်အား ဖြန့်ဖြူးပေးထားလျက်ရှိပါတယ်။ လျှပ်တား အကာပါကြိုး (Insulation Coated Wire) စနစ်ကို ပြောင်းလဲတပ်ဆင်မည်ဆိုပါက ဗို့အားပေါ် မူတည်ပြီးတော့မှ ကုန်ကျစရိတ် (၁)မိုင်လျှင် ကျပ်သန်း (၅၅၈)မှ ကျပ်သန်း(၉၃၀)ခန့်အထိ ကုန်ကျနိုင်တဲ့ အတွက် နှစ်ပေါင်း (၅၀)နီးပါး သုံးစွဲလာခဲ့တဲ့ ဒီဓာတ်အားလိုင်းတွေကို တစ်ကြိမ်တည်းနဲ့ အချိန်တိုအတွင်း မှာပြီးစီးအောင် လဲလှယ်ဖို့အတွက် ကျွန်တော်တို့ ငွေကြေးအရင်းအနှီးနဲ့အချိန် လိုအပ်နေသေးပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်း ယခုနှစ်မှ စပြီး ရန်ကုန်မြို့ မန္တလေးမြို့အပါအဝင် မြို့တွေမှာ (၁၁)KV ဓာတ်အားလိုင်း (၄၀၀)ဗို့ ဓာတ်အားလိုင်း အသစ်တွေ တည်ဆောက်တဲ့အခါမှာတော့ လျှပ်စစ်ဓာတ်အား လိုင်းတွေကို အခွံပါတဲ့ Conductor များကို စတင်သုံးစွဲပြီးတော့မှ လာမယ့်နှစ်တွေမှာလည်း အဲဒီလိုမျိုး အခွံပါတဲ့ ကြိုးတွေနဲ့သာလျှင် ဆက်လက်ဆောင်ရွက်သွားဖို့ စီမံထားပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးခွန်း များကို ဖြေကြားရမယ်ဆိုရင် ဗို့အား ပြည့်မီတည်ငြိမ်တဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ် ဖြစ်ပေါ် လာဖို့အတွက် ကျွန်တော်တို့ဟာ ရန်ပုံငွေ ခွဲဝေရရှိတဲ့အပေါ် မူတည်ပြီးတော့မှ ပင်မဓာတ်အားခွဲရုံ နှင့် မဟာဓာတ်အားလိုင်း ဖြန့်ဖြူးရေးခွဲရုံများနဲ့ ဖြန့်ဖြူးရေးဓာတ်အား လိုင်းများ တည်ဆောက်ခြင်း လဲလှယ်ခြင်းများ အပါအဝင် ခေတ်မီအလိုလျောက် ဓာတ်အား ဖြန့်ဖြူးရေး ထိန်းချုပ်မှုစနစ်တို့ကို ဆောင်ရွက်ပြီးတော့မှ မတော်တဆဖြစ်စဉ်များ ကြိုတင်ကာကွယ်မှု တာဝန်ခံတာဝန်ယူမှုများကို ကြိုးစား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ (ခ)အနေနဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ် ချို့ယွင်းမှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု ပေါ်ပေါက်လို့ရှိရင် ဝန်ထမ်းတွေအတွက် လူမှုရေး ရန်ပုံငွေ ထည့်သွင်းစုဆောင်းထားခဲ့သလို နစ်နာမှုပေါ်ပေါက်တဲ့အခါမှာ ပေးလျော်တဲ့ လုပ်ထုံးလုပ်နည်း အတိုင်းလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဓာတ်အားသုံးစွဲသူတွေ ထိခိုက်နစ်နာမှုများကိုလည်း လူပုဂ္ဂိုလ်နဲ့ သတ္တဝါများအတွက် ထိခိုက်နစ်နာမှုများကို အလားတူ လူမှုရေး ရန်ပုံငွေမှလည်းကောင်း ယခု ဥပဒေမှာ ပြဌာန်းချက်အရလည်းကောင်း ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းမှ ရရှိတဲ့ဝင်ငွေ တိုးတက်မှု

အခြေအနေအရလည်းကောင်း လုံလောက်ထိုက်တန်တဲ့ လျော်ကြေးများ ပေးအပ်ရန်အတွက် စီစဥ်တင်ပြ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

(ဂ)အနေနဲ့ လျှပ်စစ်ဝန်ထမ်းများ အန္တရာယ် ကာကွယ်ရေး ကိရိယာတန်ဆာပလာများ ပြည့်စုံရေး လုံခြုံရေး အစီအမံများ ကျွမ်းကျင်မှုပိုင်းအရလည်းကောင်း၊ ရန်ပုံငွေ ရရှိမှုအပေါ် မှာ မူတည်၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပြီးတော့မှ လာမယ့်နှစ်မှစပြီး နှစ်စဥ် ပိုမိုစီစဥ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ လက်အောက်ခံ စီးပွားရေး အဖွဲ့အစည်းများမှာ ဝန်ဆောင်မှု ပေးရာ၌ ပေါ့လျော့တာဝန်ထမ်းဆောင်မှုများ ပေါ်ပေါက်ပါက ဝန်ထမ်းစည်းမျဥ်းစည်းကမ်းများနဲ့အညီ သတ်မှတ်ထားတဲ့ ပြစ်ဒဏ်များ ချမှတ်ကျင့်သုံးလျက်ရှိပါတယ်။ ယခင်ကဝန်ကြီးဌာနရဲ့ သုံးစွဲခွင့်ရရှိသော ဘဏ္ဍာငွေအခြေအနေပေါ် မှာမူတည်ပြီး စီးပွားရေး ဆက်ဆံခွင့်ရရှိတဲ့ နိုင်ငံအချို့မှသာ ဝယ်ယူခွင့်ရရှိသဖြင့်လည်းကောင်း အရည်အသွေး နိမ့်ကျမှုရှိနိုင်သော် လည်း ယခုအခါ ပစ္စည်းများ အရည်အသွေးပြည့်မီခြင်းကို အထူးဂရုစိုက်ရွေးချယ် ဝယ်ယူအသုံးပြုလျက် ရှိပါတယ်။ ၎င်းကိစ္စနဲ့ပတ်သက်ပြီး လျှပ်စစ်ဥပဒေမှာလည်း တားမြစ်ချက်များ၊ ပြစ်ဒဏ်များ လက်ရှိ ဥပဒေမှာ ထည့်သွင်းထားခြင်း မရှိသော်လည်း နောင် ပြဌာန်းမယ့် လျှပ်စစ်ဥပဒေအသစ်မှာ အဆိုပါ တားမြစ်ချက်များ ပြစ်ဒဏ်များကို ဥပဒေရဲ့ လုပ်ထုံးလုပ်နည်းများမှာ ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ဝန်ဆောင်မှုပေးတဲ့ ကျွန်တော်တို့ဌာန အနေနဲ့ အထက်ပါအစီအမံများကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါက ပြည်သူတွေရဲ့ ဘေးအန္တရာယ် လုံခြုံမှုကို အလေးမထားရာရောက်ကြောင်း ခံယူပါတယ်။ မှတ်သားဆောင်ရွက် သွားမှာ ဖြစ်ပါကြောင်း လည်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ဝန်ထမ်းအဆင့် အားလုံးကိုလည်း ကျွန်တော်တို့က ပညာပေး အရေးယူမှုများဖြင့် ဆောင်ရွက်နေပါတယ်။ ထို့အတူ လောလောဆယ် တိုးတက်တောင်းခံလာတဲ့ ဓာတ်အားသုံးစွဲမှုများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေအတွင်းမှာ ဓာတ်အားတိုးချဲ့ပေးနိုင်ရေးကိုသာ ပြည်သူများ အတွက် အထူးဦးစားပေးဆောင်ရွက်နေရခြင်းလည်း ရှိနေပါတယ်။ ယခုကာလမှစပြီး လျှပ်စစ်အန္တရာယ် ကြောင့် ပြည်သူတွေအသက်အန္တရာယ် မဖြစ်စေရေး ဝန်ထမ်းအားလုံး အထူးအလေးထား ဆောင်ရွက် လျက်ရှိပြီးတော့မှ ဓာတ်အား ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးရန်အတွက် ရန်ပုံငွေ လုံလောက်စွာအသုံးပြု လာနိုင်တဲ့ အခြေအနေပေါ် မူတည်ပြီးတော့မှ ပိုမိုခေတ်မီတဲ့ အကာအကွယ်တွေ တိုးချဲ့တပ်ဆင်အသုံးပြု ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်လက်ပြီးတော့မှ ချင်းပြည်နယ် အမှတ်(၉) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ၏ မေးခွန်းကို ရှင်းလင်းတင်ပြဖြေကြားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်ပါ ချင်းပြည်နယ် ရေစွာမြို့အနီးမှာ ရှိတဲ့ ရေအား အရင်းအမြစ်မှ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရန်အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ စူးစမ်းလေ့လာခဲ့မှု မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ တိုင်းတာထားတဲ့ အချက်အလက်များ မရှိသေးတဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ အဆိုပါ ရေစွာမြို့အနီး ဝန်းကျင်ရှိ ရေအားအရင်းမြစ်များမှ ရေအားလျှပ်စစ် ထုတ်လုပ်ရန် ဖြစ်နိုင်စွမ်း ရှိ/ မရှိကို ယခု ပွင့်လင်းရာသီမှာ သွားရောက်

ကွင်းဆင်းလေ့လာသွားမည် ဖြစ်ပါကြောင်းနဲ့ ကွင်းဆင်းလေ့လာမှု ရလဒ်များကို ပြန်လည်အသိပေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လျှပ်စစ်အန္တရာယ်နဲ့ ပတ်သက်လို့တော့ လက်ရှိ ဖြစ်ပျက်နေတဲ့ အခြေအနေက ရှင်းပါတယ်။ ဟိုတုန်းက ဓာတ်အားအပြည့် မပေးနိုင်ဘူး။ ကြိုးတွေက နှစ်ပေါင်း (၅၀)လောက် သုံးထားပြီးပြီ။ ခုတော့ ဓာတ်အားအပြည့်ပေးလိုက်တဲ့အခါမှာ ပြတ်ကျတယ် ပေါ့နော်။ နောက်တစ်ခုက ခုန 440 လိုင်းက 230 လိုင်းပေါ်ကို ပြတ်ကျတယ်ဆိုတော့ အကြံ ပေးချင်တာကတော့ အများပြည်သူသုံးတဲ့ ဈေးတို့၊ ကျောင်းတို့ရှေ့မှာ Cradle Card ပေါ့၊ ပုခက်ကလေးတွေ ပုခက်ကလေးတွေဆိုတာ ကုန်ကျစရိတ်လည်း သိပ်မများဘူး။ ဒီကြိုးတွေလည်း မလဲနိုင်သေးဘူး။ မလဲနိုင်သေးတော့ ပြတ်ကျရင် ဒီပုခက်ထဲမှာပဲ ပြတ်ကျတယ် ဆိုတာလေးကို စီမံချက်ချပြီးတော့ ရန်ကုန်လို နေရာမျိုး လုပ်လိုက်လို့ရှိရင်တော့ ဒီအန္တရာယ် တော်တော်ကင်းသွားမယ်ထင်တယ်။

နောက်တစ်ခုက ဝန်ထမ်းကိစ္စ ကြားပြီးတော့ စိတ်တောင်မကောင်းဘူး။ ဒဂုံမြောက်၊ ဒဂုံတောင် အရှေ့ဒဂုံ ဒဂုံဆိပ်ကမ်း မီးလင်းရေးက ကျွန်တော် ဦးစီးပြီး လုပ်ခဲ့တာပါ၊ ခုန ဒုတိယဝန်ကြီး တင်ပြသလို (1)Million ဒေါ်လာပေါ့၊ (၁၀၀၀) ကုန်မယ်ဆိုတဲ့ နေရာမှာ မပေးနိုင်ဘူး။ အစိုးရကလည်း အဲဒီအချိန်မှာ လုပ်မပေးနိုင်ဘူး။ ပြည်သူတွေက အိမ်ကို အရောက် မီတာအရောက်ကို (၅၀၀၀) ထည့်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အကုန်လုံး (၅၀၀၀) ထည့်ကြတယ် အဲဒီအချိန်တုန်းက မီတဲ့လူတွေ ရှိပါသေးတယ်။ ဒီ (၄)မြို့နယ်လုံး မီးလင်းရေး ကျွန်တော် ဦးစီးလုပ်တာပါ အဲဒီ (၅၀၀၀) ထည့်ပြီးတော့ Reporting Fund လျှပ်စစ်ဝန်ကြီးဌာန ဦးသောင်းစိန် ညွှန်ကြားရေးမှူးချုပ်ပါ။ အဲဒီတုန်းက ပြန်ကြည့် လို့ရှိရင် ရပါတယ်။ Reporting ဖွင့်လိုက်တယ်။ ပြည်သူတွေက (၅၀၀၀)စီ ထည့်လိုက်တယ်။ အကုန်လုံး လင်းသွားတယ်။ အဲဒီမှာ ဘာဖြစ်လဲဆိုတော့ မိုးတွင်းမှာ ဓာတ်တိုင်ပေါ် တက်တဲ့ ကလေးက (၃)ယောက် လား မသိဘူး၊ ကွယ်လွန်သွားတာပေါ့နော်၊ စိတ်မကောင်းဘူး။ မေးလိုက်တော့ သူတို့မိသားစုက လျှပ်စစ်ရပ်ကွက်မှာ ရှိလားဆိုတော့ မရှိဘူး။ သူတို့ ကျွန်တော်လည်း အဲဒီအချိန်မှာ တတ်နိုင်တာ မြေကွက်လျှောက်ပေးတာပဲ တတ်နိုင်တယ်။ အဲဒီကွယ်လွန်တဲ့ ပုဂ္ဂိုလ်တွေရဲ့ မိသားစုတွေ အတွက်တော့ မြေကွက် လျှောက်ပေးခဲ့ဖူးပါတယ်။ ဒီသမိုင်းကြောင်းတွေ ရှိပါတယ်။ လျှပ်စစ်ဝန်ထမ်း လုံခြုံရေးကိုလည်း တတ်နိုင်သလောက် ဖြည့်ဆည်းသွားပြီးတော့ စိတ်ချလက်ချပေါ့၊ တိုင်ပေါ် တက်နိုင်အောင်ပေါ့နော်၊ အဲဒီလို ဆောင်ရွက်ပေးပါလို့ တိုက်တွန်းလိုပါတယ်။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ကြီးအား ရှိသေလေးစားစွာ ပြန်လည်တင်ပြလိုတာက ဒီအသေးစားနဲ့ အလတ်စားဟာ အမှန်တော့ ပြည်နယ်အစိုးရက ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ သို့သော် ဝန်ကြီးက ပြည်ထောင်စုအစိုးရ ဗဟိုကနေ လေ့လာ ပေးမယ် ပြောတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။သို့သော် ယခင် အတွေ့အကြုံအရ ၂၀၁၂-၂၀၁၃ မှာ ပြည်ထောင်စုအစိုးရကနေ ဟားခါးမြို့နယ်မှာ တစ်ခု၊ မတူပီမြို့နယ်မှာ တစ်ခု အသေးစား ရေအားလျှပ်စစ် တိုးမြှင့်ပေးရေးအစီအစဉ်ကို စေလွှတ်ပြီးတော့ လေ့လာစေခဲ့ပါတယ်။ သို့သော် အဲဒီမိတ္တူကို ကျွန်တော့်လည်းပေးတယ်၊ ပြည်နယ်ကိုလည်းပေးတယ်။ ယနေ့တိုင် ဆောင်ရွက်ခြင်း မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီကိစ္စဟာ မြို့နယ်မှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား လွှတ်တော်က ကျွန်တော်တို့ မြို့နယ်မှာ (၂)ယောက် ရှိတယ်။ ပြည်နယ်လွှတ်တော်မှာ (၂)ယောက်

ရှိတယ်။ အဲဒီတော့ ပြည်နယ်လွှတ်တော်မှာ ကျွန်တော်တို့ မရှိတဲ့အတွက် ကျွန်တော်တို့ကိစ္စတချို့ဒေသကိစ္စရပ်များမှာ ကျွန်တော်တို့ ဒီမှာတင်ပြတဲ့ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်မှာတင်ပြတဲ့ကိစ္စဟာ ပြည်နယ်မှာ ပီပီပြင်ပြင် ဆောင်ရွက်နိုင်စွမ်း မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီကိစ္စကိုဝန်ကြီးအနေနဲ့ လေ့လာပေးရင် မိတ္တူပေးပြီး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သင့်တယ်ဆိုတာကိုပြည်နယ်အစိုးရကပဲ ဆောင်ရွက်ခြင်း မဟုတ်ဘဲနဲ့ ဖြစ်နိုင်ပါက ပြည်ထောင်စုအစိုးရမှ ကျွန်တော်တို့ တင်ပြတဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်က တင်ပြတဲ့ကိစ္စရပ်များကို တိုက်ရိုက်ပြည်ထောင်စုအစိုးရကပဲ ဆောင်ရွက်ပေးနိုင်ပါရန် ကျွန်တော် မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ Survey လုပ်ပြီးတော့ Survey လုပ်နိုင်တယ်ဆိုလို့ရှိရင် ပြည်နယ်အစိုးရ နဲ့ညှိပြီး ဘတ်ဂျက်ထဲ ထည့်ပေးလိုက်ပြီးတော့ ဆောင်ရွက်တာတော့ ဒီကပဲ လုပ်ပေးရမှာပဲ ဟုတ်တယ်မလား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁:၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာ ရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာ ရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်ပြပါမယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်က ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာ ရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီးတဲ့အခါမှာ အမျိုးသားလွှတ်တော်ကို ဆွေးနွေးနိုင်ဖို့အတွက် ၂၄-၇-၂၀၁၄ က

ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ယင်းဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်များကို တင်ပြပါ့မယ်ခင်ဗျား။

အပိုဒ် ၂ (က) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်းအပိုဒ် ၂(ဂ)မှာ ဖော်ပြထားတဲ့ “ နိုင်ငံတော်က ဖွင့်လှစ်သော အစိုးရဆေးရုံ” ဆိုတဲ့ စကားရပ်ကို ရေးထုံး မှန်ကန်စေရန် အတွက် “ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းတစ်ခုခုက ဖွင့်လှစ်သော ဆေးရုံ ” ဆိုတဲ့ စကားရပ်နဲ့ အစားထိုးဖို့ တင်ပြလိုပါတယ်။ အပိုဒ် ၅(ခ) မှာ ဖော်ပြထားတဲ့ “ မီးသတ်ဦးစီးဌာန ” ဆိုတဲ့ စကားရပ်ကိုလည်း လက်တွေ့ဆောင်ရွက်တဲ့နေရာမှာ မီးသတ်စခန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ “ မီးသတ်စခန်း ” ဆိုတဲ့ စကားရပ်နဲ့ အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းအပိုဒ် ၆(င)မှာ ဖော်ပြထားတဲ့ “အရေးပေါ်လူနာကို အသက်ကယ်ကုသပြီးသည်နှင့် သက်ဆိုင်ရာ အစိုးရဆေးရုံသို့” ဆိုတဲ့ စကားရပ်ကို ဆေးပညာရပ်ဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုနှင့် လျော်ညီမှုရှိစေ ရန်အတွက် အသက်ကယ်ကုသပြီးသည်ဆိုတဲ့ စကားရပ်က တော်တော်လေး တိကျမှု နည်းပါးပါတယ်။ ဒါကြောင့်မို့လို့ “ အရေးပေါ် လူနာကို လိုအပ်သော ကုသမှုများ ဆောင်ရွက်ပြီးသည်နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း လက်အောက်ခံ ဆေးရုံသို့ ”ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်အစားထိုးသင့်ကြောင်း တင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းအပိုဒ် ၁၁ မှာ ဖော်ပြထားတဲ့ “ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ ” ဆိုတဲ့ စကားရပ်ကိုလည်း ထိုက်သင့်တဲ့ ငွေဒဏ် တစ်ခု သတ်မှတ်နိုင်ဖို့ရယ် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် “ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ” ဆိုတဲ့ စကားရပ်နဲ့ အစားထိုးသင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၁၅ မှာ ဖော်ပြထားတဲ့ “ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီ ဆေးကုသမှုခံယူနိုင်ရန် ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ” ဆိုတဲ့ စကားရပ်ကို ဆေးရုံ သို့မဟုတ် ဆေးခန်း ဆိုရင် တိကျမှု မရှိပါဘူးခင်ဗျား။ အနီးစပ်ဆုံး ဆေးရုံဆိုမှ မှန်ကန်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ “ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ် လူနာကို အချိန်မီဆေးကုသမှု ခံယူနိုင်ရန် အနီးဆုံးဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ”ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးသင့်ကြောင်း တင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၅ မှာ အနီးဆုံးဆေးရုံ၊ ဆေးခန်းကို ပို့ဆောင်တဲ့အခါမှာ ယာဉ်တွေ ငှားရမ်းသုံးစွဲခဲ့ရမယ်ဆိုရင် အဲဒီကုန်ကျစရိတ်တွေကို သက်ဆိုင်ရာ ရဲစခန်းက ကျခံပေးဖို့အတွက် ဖော်ပြထားပါတယ်။ ဒီလိုပါပဲ လိုအပ်တဲ့ ကုသမှုတွေကို အရေးပေါ် ဆောင်ရွက်ပေးခဲ့တဲ့ ပုဂ္ဂလိကဆေးရုံ ဆေးခန်းတွေဟာလည်း ကုသခ မပါဝင်တဲ့ ဆေးဝါးပစ္စည်းဆိုင်ရာ အမှန်ကုန်ကျစရိတ်တွေကို သက်ဆိုင်ရာမြို့နယ်ကျန်းမာရေး ဦးစီးဌာနကို တင်ပြတောင်းခံနိုင်ဖို့အတွက် အပိုဒ် ၁၆ အဖြစ် အသစ်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။ ဖြည့်စွက်သင့်ကြောင်း တင်ပြလိုတဲ့ အပိုဒ်ကတော့

၁၆။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ပုဒ်မ ၆ အရ လိုအပ်သည့် ကုသမှုများ ဆောင်ရွက်ပေးခဲ့သည့် ပုဂ္ဂလိက ဆေးရုံ သို့မဟုတ် ဆေးခန်းသည် ဆေးမှတ်တမ်းပါ ကုသမှုအတွက် ကျသင့်သော ဆေးဝါး၊ ဆေးပစ္စည်းနှင့် နည်းပညာဆိုင်ရာ အမှန်ကုန်ကျစရိတ်ကို သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံနိုင်သည် ဆိုပြီးတော့ အသစ်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄(ဃ)တွင် ဖော်ပြထားတဲ့ နှင့် အချင်းဖြစ်ပွားသည့် နေရာကို တစ်နည်းနည်းဖြင့် မှတ်တမ်းတင်ခြင်း ဆိုသည့် စကားရပ်ကိုတော့ အရေးပေါ်ကူညီစောင့်ရှောက်ပေးတဲ့သူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် နောက်တစ်ခါ အပိုဒ် ၁၁ မှာ ဖော်ပြထားတဲ့ “ ရည်ရွယ်ချက်ဖြင့် ” ဆိုတဲ့ စကားရပ်ကလည်း တိကျမှု မရှိပါဘူး။ နောက်တစ်ခါ အပိုဒ် ၁၃ နှင့် အပိုဒ် ၁၈ မှာ ဖော်ပြထားတဲ့ “ တာဝန်အရ ” ဆိုတဲ့ စကားရပ် တွေကလည်း မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ဒီစကားရပ်(၄)ခုကိုလည်း အသီးသီး ပယ်ဖျက်သင့် ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အပြင်မြန်မာစာ စာလုံးပေါင်းသတ်ပုံမှန်ကန်မှုရှိစေရန် ပြင်ဆင်သင့်သည်များကိုလည်း ပြင်ဆင်အစားထိုးပြီး ဖြစ်ပါကြောင်းကိုလည်း တစ်ပါတည်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကော်မတီရဲ့သဘောထား မှတ်ချက်ကို တင်ပြပါမယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီဆေး ကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၆-၉-၂၀၁၄ (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၁၉၆ဝ ပြည့်နှစ်၊ ကျေးလက် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၉၆ဝ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးဟာရှိန်းဘွေ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ၁၉၉ဝ ပြည့်နှစ် ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>၁၉၆ဝ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို<br>ရုပ်သိမ်းသည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ / ၂၀၁၄ -<br>ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က (၃-၉-၂၀၁၄) ရက်နေ့တွင် ၁၉၆ဝ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၉ - ၉ - ၂၀၁၄ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၆ဝ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ရှိကျင့်သုံးသော ၁၉၇၇ ခုနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေနှင့် ပတ်သက်၍ လုပ်ငန်းပိုင်းနှင့် ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေနှင့် ရည်ရွယ်ချက်

တူညီမှုရှိသော်လည်း ဤဥပဒေအရ ထုတ်ပြန်ခဲ့ခြင်းမဟုတ်သည်ကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများသည် ၁၉၄၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေနှင့်ပတ်သက်၍ လုပ်ငန်းပိုင်းနှင့် ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၁၈-၃-၁၉၇၇ ရက်စွဲပါဝန်ကြီးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃/၇၇)အရ ပြင်ဆင်ကျင့်သုံးလာခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ လေ့လာတွေ့ရှိချက်များအရ ဤအက်ဥပဒေသည် လက်ရှိကျင့်သုံးနေသော အထက်အပိုဒ် ၂ ပါ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်မှုမရှိခြင်း၊ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် ညီညွတ်မှုမရှိတော့ခြင်း၊ လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်မှု မရှိတော့ခြင်းတို့ကြောင့် ဤဥပဒေကို ရုပ်သိမ်းသင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(က)အရ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်း သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က အဆိုတင်သွင်းသွားမှာ ဖြစ်ပါ

တယ်။ ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် နေ့မှာ အက်ဥပဒေ အမှတ် ၃၇ နဲ့ ပြဋ္ဌာန်းခဲ့ပြီးတော့ ပုဒ်မ (၉) ခုပါဝင်ပါတယ်။ ဒီအက်ဥပဒေဟာ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ ယခင်အခေါ်အဝေါ် တိုင်းမင်းကြီးများမှ တိုင်းအသီးသီးအတွက် ဆည်မြောင်းဦးစီးဌာန၊ မြေယာ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း၊ အလားတူ အစိုးရဌာနနဲ့ ကိုယ်စားလှယ်ဌာနများမှ လိုအပ်တဲ့စီမံချက်များ မဆောင်ရွက်နိုင်သော ကျေးလက်ဒေသများအတွက် ကောက်ပဲသီးနှံ စိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံမဟုတ်သော ပစ္စည်းများထုတ်လုပ်ရေး တိုးတက်ကောင်းမွန်လာစေရန် လည်းကောင်း၊ ကျေးလက်စီးပွားရေးကောင်းမွန် တိုးတက်လာစေရန်လည်းကောင်း၊ ရန်ပုံငွေ တည်ထောင်၍ စီမံခန့်ခွဲရေးဆောင်ရွက်နိုင်စေရန် ဥပဒေပြဋ္ဌာန်းထားသော ဥပဒေတစ်ခု ဖြစ်ပါ တယ်။

ဒီဥပဒေကိုရုပ်သိမ်းသင့်တဲ့ အကြောင်းအချက်အချို့မှာ ဤအက်ဥပဒေအရ တိုင်းဒေသကြီး/ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများ ယခင်အခေါ်အဝေါ် တိုင်းမင်းကြီး များက တိုင်းအသီးသီးအတွက် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေကို တည်ထောင်၍ စီမံခန့်ခွဲရန်ပြဋ္ဌာန်းထားသော ဥပဒေဖြစ်သော်လည်း လက်ရှိအခြေအနေမှာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေနဲ့ အဆိုပါဥပဒေကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်မှု မရှိတော့ခြင်း၊ ဤဥပဒေပုဒ်မ ၆မှာ ယင်းအက်ဥပဒေအရဖြစ်စေ၊ ယင်းအက်ဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ ထုတ်ပေး သည့်စရိတ်စက ဟူသမျှကိုလည်းကောင်း ထိုစရိတ်စက အပေါ်တွင် တောင်းခံနိုင်သည့် အတိုးများ ရှိလျှင် ထိုအတိုးများအားလုံးကို သော်လည်းကောင်း၊ ထိုစရိတ်စကနှင့် အတိုးကိုတောင်းခံသည့် ကုန်ကျစရိတ်များရှိလျှင် ထိုစရိတ်များကိုသော်လည်းကောင်း၊ ခရိုင်ဝန်က အကျိုးခံစားခွင့်ရှိသူ သို့တည်းမဟုတ် ၎င်း၏ခံဝန်သူများထံမှဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူ သို့တည်းမဟုတ် ခံဝန်သူများပိုင် ပစ္စည်းထဲကဖြစ်စေ၊ ၎င်းက ပေးဆောင်ရန်ရှိသည့် အခွန်တော်မပြေ ကျန်ငွေဖြစ်ပြီးသကဲ့သို့ တင်ပြ တောင်းခံရမည် ဟူသော ပြဋ္ဌာန်းချက်အပါအဝင် ကျန်ဥပဒေပါ ပြဋ္ဌာန်းချက်တွေဟာ လက်ရှိခေတ် အခြေအနေအရ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေနဲ့ ကိုင်တွယ်ဆောင်ရွက်မယ်ဆိုပါက စီမံခန့်ခွဲမှု ဆိုင်ရာ ရှုပ်ထွေး မှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ် ထုတ်ပေးလျှက် ရှိတဲ့အတွက် ဒီဥပဒေပါ ရန်ပုံငွေကနေဖြစ်ပေါ်လာတဲ့ ချေးငွေများနဲ့ ရှုပ်ထွေးလာနိုင်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ၁၉၇၇ ခုနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ပတ်သက်လို့ လုပ်ငန်းပိုင်းနဲ့ငွေစရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ခွဲဝေချထားငွေနဲ့ ဒေသခံပြည်သူများရဲ့ထည့်ဝင်ငွေများကို ပေါင်းစပ်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့်မှကိုင်တွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်း များ၊ ပညာရေးလုပ်ငန်းများ၊ အခြားစီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိခြင်း၊ ၁၉၇၇ ခုနှစ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ပတ်သက်လို့ လုပ်ငန်းပိုင်းနဲ့ငွေစာရင်းပိုင်းဆိုင်ရာ

လုပ်ထုံးလုပ်နည်းနဲ့ ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေတို့ဟာ ကွဲပြားခြားနားမှုရှိကြောင်း ဒီအက်ဥပဒေအရ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ပတ်သက်လို့ လုပ်ငန်းပိုင်းနဲ့ငွေစာရင်းပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခဲ့ခြင်း မဟုတ်ကြောင်း အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ပတ်သက်လို့ လုပ်ငန်းပိုင်းဆိုင်ရာနဲ့ ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ၁၉၇၇ ခုနှစ်မှာအပိုင်း(၂) ပိုင်းနဲ့ပြဋ္ဌာန်းခဲ့ပြီး အပိုင်း(၁)မှာ လုပ်ထုံးလုပ်နည်းနဲ့ အပိုင်း(၂) မှာ ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၆၄)ပိုဒ်၊ ပုံစံဇယား (၁၂)ခုနဲ့ ပြဋ္ဌာန်းခဲ့ရာ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၂(ဇ)မှာ ပြဋ္ဌာန်းချက်အရ ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ပြည်သူ့ကောင်စီအဆင့်ဆင့်၏ ကြပ်မတ်ဦးဆောင် တာဝန်ယူမှုနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ၁၉၇၄ ခုနှစ်၊ မေလ ၁ ရက်နေ့က ဒီဥပဒေကို ပြဋ္ဌာန်းပြောင်းလဲတဲ့ ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်သတ်မှတ်ပေးရန် လိုလာတဲ့အတွက်ကြောင့်မို့လို့ ၁၉၇၇ ခုနှစ်မှာ ပြောင်းလဲပြင်ဆင်ပြီးတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ပတ်သက်တဲ့လုပ်ငန်းပိုင်းနဲ့ ငွေစာရင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ၁၉၉၇ ကို ပြောင်းလဲ ခေါ်ဝေါ်ပြဋ္ဌာန်းခဲ့ခြင်းတို့ ရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ၁၉၆၀ခုနှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေအား ခေတ် ကာလအခြေအနေနဲ့ ကိုက်ညီမှုမရှိတော့တဲ့အတွက် ရုပ်သိမ်းသင့်သည့် ဥပဒေဖြစ်ပါကြောင်း နဲ့ အမျိုးသားလွှတ်တော်ရဲ့အဆုံးအဖြတ်ကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မြ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တင်သွင်းသွားတဲ့ ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေ ကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို အတည်ပြုနိုင်ရန် တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၆၀ ပြည့်နှစ်၊ ကျေးလက် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် အတည်ဖြစ်သည်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]